**ပြည်ထောင်စုမြန်မာနိုင်ငံတော်**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

**၂၀၁၁ ခုနှစ်၊ စကားရပ်များအစားထိုးခြင်းဆိုင်ရာဥပဒေ**

**( နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၁/၂၀၁၁)**

**၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်**

**(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)**

နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းရပ်များ ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကဆောင်ရွက်ပေးရန် ပြဋ္ဌာန်းထားသည့် အလျောက် နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို ချောမွေ့ စွာ ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ လွှတ်တော်အသီးသီးပေါ်ပေါက်လာသည့်အခါတွင် ဆောင်ရွက်ရန် ရှိသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်လည်းကောင်း သက်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းရန် လိုအပ်လာ ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းမည့် နိုင်ငံတော်အဖွဲ့အစည်း အဆင့်ဆင့်၏ စကား ရပ်များနှင့် စပ်လျဉ်း၍ လိုက်လျောညီထွေ ဖြစ်စေရန်အလို့ငှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် စတင်အာဏာတည်ခြင်း**

၁။ (က) ဤဥပဒေကို **၂၀၁၁ ခုနှစ်၊ စကားရပ်များ အစားထိုး ခြင်းဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်သည့် နေ့မှစတင်၍ အာဏာတည်စေရမည်။

**အခန်း(၂)**

**စကားရပ်များ အစားထိုးခြင်း**

၂။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေ ညာချက်များ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင် ပါရှိသော အောက်ပါစကား ရပ်များကို ဖော်ပြပါအတိုင်း ဆီလျော်အောင်

အစားထိုးပြီးဖြစ်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် ဤသို့ အစားထိုးခြင်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေ များက အပ်နှင်းထားသော လုပ်ငန်းတာဝန်များနှင့် ဆီလျော်သရွေ့သာ ဖြစ်စေရမည်-

(က) **"ပြည်ထောင်စုမြန်မာနိုင်ငံတော်"** ဆိုသည့် စကားရပ်အစား "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်" ၊

(ခ) "နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ" ဆိုသည့် စကားရပ်အစား "နိုင်ငံတော် သမ္မတ"၊

(ဂ) "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ" ဆိုသည့် စကားရပ်အစား "နိုင်ငံတော် သမ္မတ" သို့မဟုတ် "ပြည်ထောင်စုအစိုးရအဖွဲ့"၊

(ဃ) **"အစိုးရအဖွဲ့" သို့မဟုတ် " အစိုးရ"** ဆိုသည့် စကားရပ်အစား "ပြည်ထောင်စုအစိုးရအဖွဲ့" သို့မဟုတ် "ပြည်ထောင်စုအစိုးရ"၊

(င) **"ဝန်ကြီးဌာန"** ဆိုသည့် စကားရပ်အစား "ပြည်ထောင်စုဝန်ကြီးဌာန"၊

(စ) **"ဝန်ကြီး"** ဆိုသည့် စကားရပ်အစား "ပြည်ထောင်စုဝန်ကြီး"၊

(ဆ) **"တရားရုံးချုပ်"** ဆိုသည့် စကားရပ်အစား "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"၊

(ဇ) **"တရားသူကြီးချုပ်"** ဆိုသည့် စကားရပ်အစား "ပြည်ထောင်စုတရားသူကြီးချုပ်"၊

(ဈ) "တရားရုံးချုပ် တရားသူကြီး" ဆိုသည့် စကားရပ်အစား "ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး"၊

(ည) တရားစီရင်ရေးကိစ္စအလို့ငှာ **"ပြည်နယ် သို့မဟုတ် တိုင်းတရားရုံး"** ဆိုသည့် စကားရပ်အစား "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်"၊

(ဋ) **"ရှေ့နေချုပ်"** ဆိုသည့် စကားရပ်အစား "ပြည်ထောင်စုရှေ့နေချုပ်"၊

(ဌ) **"စာရင်းစစ်ချုပ်"** ဆိုသည့် စကားရပ်အစား "ပြည်ထောင်စုစာရင်းစစ်ချုပ်"၊

(ဍ) **"ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့"** ဆိုသည့် စကားရပ်အစား "ပြည်ထောင်စုရာထူးဝန်အဖွဲ့"၊

(ဎ) **"ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ"** ဆိုသည့် စကားရပ်အစား "ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ"၊

(ဏ) **"ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်"** ဆိုသည့် စကားရပ်အစား "ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်"၊

(တ) "ပြည်နယ် သို့မဟုတ် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ" ဆိုသည့် စကား ရပ်အစား "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့"၊

(ထ) "ပြည်နယ် သို့မဟုတ် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ" ဆိုသည့် စကား ရပ် အစား "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်"၊

(ဒ) "ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ" သို့မဟုတ် "ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ" ဆိုသည့် စကားရပ်အစား "ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေး မှူး"၊

(ဓ) "မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ" သို့မဟုတ် "မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ" ဆိုသည့် စကားရပ်အစား "မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ် ရေးမှူး"၊

Myanmar Law Information System (MLIS)

(န) "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ" သို့မဟုတ် "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ" ဆိုသည့် စကား ရပ်အစား "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး"။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

Myanmar Law Information System (MLIS)